ပအိုဝ်းစွိုးခွိုး ဖက်ဒရယ်ကောင်စီ

Pa-O National Federal Council (PNFC)

# နမ်းနိန်းရွာဘုန်းကြီးကျောင်းအတွင်းစစ်ဘေးရှောင်ရဟန်းရှင်လူပအိုဝ်းပြည်သူများအား အကြမ်းဖက်စစ်ကောင်စီမှအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့ခြင်းအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာချက်

**၁။** ပင်လောင်းမြို့နယ်၊ ဆောင်းပြောင်းဒေသ၊ နမ်းနိန်းရွာဘုန်းကြီးကျောင်းအတွင်းတွင် ကြောက်ရွံ့စွာ ပုန်းအောင်းခိုလှုံနေကြသော ကျောင်းထိုင်ဆရာတော်အပါအဝင် သံဃာတော်(၃)ပါး၊ အမျိုးသမီး(၁)ဦးနှင့်အမျိုးသား(၁၈)ဦးစုစုပေါင်း စစ်ဘေးရှောင် လက်နက်မဲ့ပအိုဝ်းပြည်သူ(၂၂)ဦးအား ပုန်းအောင်းနေရာမှခေါ်ထုတ်ဖမ်းဆီးပြီး အကြမ်းဖက်စစ်ကောင်စီတပ်များကကျောင်းနံရံနောက်ခံထား၍ ရက်စက်ကြမ်းကြုတ်စွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်။ **"လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့်ရာဇဝတ်မှု"**နှင့်အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့မှုကြောင့် **"စစ်ရာဇဝတ်မှု"** မြောက်ကြောင်းတွေ့ရှိရသည့်အပြင် **ပအိုဝ်းပြည်သူများနှင့် ကရင်နီပြည်သူများအကြား** အမုန်းတရားကြီးထွားလာစေရန် လုပ်ကြံဖန်တီးပြီး **"လူမျိုးရေးပဋိပက္ခနှင့်ဘာသာရေးပဋိပက္ခများ"** ဖြစ်ပွားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်သပ်လျှိုဖြိုခွဲနေသော အကြမ်းဖက်စစ်ကောင်စီ၏လုပ်ရပ်များအား ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ-PNFC က ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချလိုက်သည်။

**၂။** အထက်ပါအကြမ်းဖက်မှုဖြစ်စဉ်ကို စစ်ကောင်စီ၏လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များကကျူးလွန်ခဲ့ကြသည်။ လက်နက်မဲ့ပြည်သူ့ရုပ်အလောင်းများပေါ်တွင် လက်လုပ်သေနတ်များတင်၍ဓာတ်ပုံရိုက်ပြီး **"ကသန်းကယန်း ကယားပဒက်များကိုဆုံးမခြင်း" "ဘုရားပေါ်မှာ Beer သောက်နေတဲ့ ကယားပဒက်များကိုနှိမ်နင်းခြင်း"** စသည့်ခေါင်းစဉ်များတပ်၍ ၂၀၂၃ခုနှစ် မတ်လ(၁၁)ရက်နေ့ နံနက်(၈း၅၁)နာရီတွင် စစ်ကောင်စီဘက်သားများ၏တယ်လီဂရမ်အကောင့်မှဖော်ပြခဲ့ကြသည်။ ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(ခမ်းကောင်) PNDF-KK မှရရှိထားသောမှတ်တမ်းများအရ ထိုဓာတ်ပုံများကိုကောက်ကျစ်ယုတ်မာစွာလီဆယ်လုပ်ကြံဖန်တီးထားကြောင်း တွေ့ရှိရသည်။ ယနေ့ ၂၀၂၃ခုနှစ်၊ မတ်လ (၁၄) ရက်နေ့သည် PNLO/PNLAမှ တပ်ဖွဲ့ဝင်(၅)ဦးနှင့်ရွာသား(၁)ဦး အပါအဝင် ပအိုဝ်းအမျိုးသား(၆)ဦးအား စစ်ကောင်စီလက်အောက်ခံအသွင်ပြောင်းဌာနေပြည်သူ့စစ် PNO/PNA က **"ပအိုဝ်းဒေသကာကွယ်ရေး၊ ပအိုဝ်းအမျိုးသားကာကွယ်ရေး အကြောင်းပြချက်"** ဖြင့် ပအိုဝ်းအချင်းချင်းအား ဥပဒေမဲ့ကျူးလွန်သတ်ဖြတ်၍ အလောင်းဖျောက်ပြီးစစ်ရာဇဝတ်မှုကျူးလွန်ခဲ့သည့်(၆)လပြည့်သည့်နေ့လည်းဖြစ်သည်။ ယခုကဲ့သို့သော အခြေအနေမျိုးတွင် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ-PNFC ၏ နိုင်ငံရေးဦးဆောင်မှုကိုအပြည့်အဝခံယူ၍ ညီနောင်မဟာမိတ်များနှင့်ပူးပေါင်းတော်လှန်တိုက်ပွဲဝင်နေသော ပအိုဝ်းပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ခမ်းဒွမ်) PPDF-KD နှင့် ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(ခမ်းကောင်) PNDF-KK တို့သည် ပဋိပက္ခများနှင့်ပတ်သက်၍ အောက်ပါအခြေခံမူကိုချမှတ်ပြီး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**"မိမိနှင့်မိမိတို့ပအိုဝ်းပြည်သူအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူများကို ကာကွယ်ရန်လိုအပ်ချက်မှတပါး ပအိုဝ်းအမျိုးသားအချင်းချင်းဖြစ်စေ၊ တိုင်းရင်းသားအချင်းချင်းကြားတွင်ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခကိုအတတ်နိုင်ဆုံးရှောင်ရှား၍ ငြိမ်းချမ်းသည့်နည်းဖြင့် ညှိနှိုင်းအဖြေရှာရေးကို အတတ်နိုင်ဆုံးလက်ကိုင်ကျင့်သုံးသည်။"**

၃။ အထက်ပါအကြမ်းဖက်ဖြစ်စဉ်များ၏ **အဓိကအကြောင်းအရင်းသည် ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်စဉ်အပါအဝင် စစ်အာဏာရှင်စနစ်ကြောင့်ဖြစ်ပြီးအဓိကတရားခံသည် ၎င်းစစ်အာဏာရှင်စနစ်ကို ပြင်းပြင်းထန်ထန်ကျင့်သုံးနေသော စစ်ကောင်စီနှင့်အပေါင်းအပါများ**ဖြစ်ကြသည်။ ပအိုဝ်းပြည်သူများကိုအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သကဲ့သို့ပင် ကရင်နီ

ပြည်သူများကိုလည်းအစုလိုက် အပြုံလိုက်မီးရှို့သတ်ဖြတ်ခဲ့သည်။ ထို့အပြင် ကချင်ပြည်နယ်ရှိအနန့်ပါဒေသ(A Nang Pa)၊ စစ်ကိုင်းတိုင်းရှိ လက်ယက်ကုန်းဒေသ၊ ချင်းပြည်နယ်ရှိအရပ်သားလူနေအိမ်ခြေများ၊ ကရင်ပြည်နယ်ကော့ကရိတ်ဒေသ အပါအဝင် နိုင်ငံတစ်ဝှမ်းလုံးရှိအပြစ်မဲ့သော ကလေးသူငယ်များနှင့်လက်နက်မဲ့အရပ်သားပြည်သူများအား စစ်ကောင်စီက လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်သတ်ဖြတ်ခြင်းအပြင်၊ စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းရှိပြည်သူများအား ခေါင်းဖြတ်သတ်ဖြတ်သည်အထိ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်စစ်ရာဇဝတ်မှုများစွာကို နေ့စဉ်ကျူးလွန်နေလျက်ရှိသည်။ ၁၉၆၂ခုနှစ်မှစတင်၍ စစ်အာဏာရှင်အဆက်ဆက်သည်ဘာသာ၊ သာသနာဆိုင်ရာပုဂ္ဂိုလ်များနှင့်ကျောင်းသားများ အပါအဝင် တိုင်းရင်းသားပြည်သူများအရွယ်သုံးပါးစလုံးကို ရက်ရက်စက်စက်သတ်ဖြတ်ကျူးလွန်လာခဲ့ကြသည်သာမက ဆက်လက်၍လည်း ကျူးလွန်ဦးမည်ဖြစ်သည်။ သို့ဖြစ်၍ ပအိုဝ်းအပါအဝင်တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုတစ်ရပ်လုံး လိုလားလျက်ရှိသောစစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန်နှင့်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတော်သစ် ထူထောင်နိုင်ရေးအတွက် **စစ်အာဏာရှင်စနစ်အမြစ် ပြတ်ချေမှုန်းရေးကိုဦးတည်သည့် တော်လှန်ရေးဆင်နွှဲရုံမှတစ်ပါး အခြားနည်းလမ်းမရှိ** သည်ကိုလေးလေးနက်နက် တင်ပြအပ်ပါသည်။

**၄။** ပအိုဝ်းပြည်သူများနှင့်ကရင်နီပြည်သူများထံသို့ အထူးအလေးနက်ထား၍တင်ပြလိုသည်မှာ ယခုဖြစ်ပွားနေသော တိုက်ပွဲများသည် လူမျိုးရေး၊ ဘာသာရေးများနှင့်လုံးဝသက်ဆိုင်ခြင်းမရှိပါ။ နယ်မြေဒေသဆိုင်ရာကိစ္စရပ်များလည်း မဟုတ်ပါ။ ပြည်သူကိုရန်သူသတ်မှတ်၍စစ်အာဏာရှင်စနစ်ကို ပြင်းပြင်းထန်ထန်ကျင့်သုံးသတ်ဖြတ်နေသည့် စစ်အာဏာရှင်များနှင့်စစ်အာဏာရှင်စနစ်ဆိုးကို လုံးဝလက်မခံနိုင်ကြတော့သည့် တောင်ပေါ်မြေပြန့်ဒေသအသီးသီးမှ ဗမာအပါအဝင်တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူများအကြား တော်လှန်တိုက်ပွဲဖြစ်ပါသည်။ စစ်ကောင်စီနှင့်အပေါင်းအပါများ၏ သွေးထိုးလှုံ့ဆော်လိမ်ညာဝါဒဖြန့်မှုများကို အထူးသတိထားရှောင်ရှားကြပါရန် တိုက်တွန်းပန်ကြားအပ်ပါသည်။

**၅။** ကရင်၊ ကရင်နီနှင့်ပအိုဝ်းတို့သည်သမိုင်းကြောင်းဆင်းသက်မှုများအရ သွေးရင်းသားရင်းမောင်နှမရင်းများဖြစ်ကြသကဲ့သို့ အမျိုးသားလွတ်မြောက်မှုတော်လှန်ရေးတွင်လည်း သွေးသောက်ညီကိုမောင်နှမများဖြစ်ကြပါသည်။ **"တပ်ပေါင်းစုသည် ပြည်တွင်းရှိ အဖိနှိပ်ခံအမျိုးသားလွတ်မြောက်ရေးအတွက်တိုက်ပွဲဝင်သည်။ နယ်ချဲ့အကြွင်းအကျန်၊ ပဒေသရာဇ်စနစ် အကြွင်းအကျန်၊ စစ်ဗျူရိုကရက်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒကိုဆန့်ကျင်ပြီး အမျိုးသားဒီမိုကရေးစီ လမ်းစဉ်ကို ကျင့်သုံးသည်"**စသည့်အခြေခံမူများကို ချမှတ်ဖော်ဆောင်ခဲ့သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)နှင့် တော်လှန်ရေး တပ်ပေါင်းစုများတွင် ကရင်၊ ကရင်နီနှင့်ပအိုဝ်းတို့သည် ပါဝင်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး နွေဦးတော်လှန်ရေးတွင် ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီနှင့်ပအိုဝ်းပြည်သူများသည် ကရင်နီပြည်သူများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုနှင့်အတူ ပူးပေါင်းတော်လှန်သွားမည်ဖြစ်ပြီး **"တန်းတူညီမျှမှုရရှိရေး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတမှု ရရှိရေးအတွက် စစ်ကောင်စီအားအပြစ်ပေး အရေးယူနိုင်ရေး"**ကိုလည်းအစွမ်းကုန် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာဖြင့် ဖော်ပြလျက် ဤကြေညာချက်ကို ထုတ်ပြန်လိုက်သည်။

**ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ (PNFC)**

ကောဇာသက္ကရာဇ် - ၁၃၈၄ခုနှစ်၊ တပေါင်းလပြည့်ကျော်(၉)ရက်

ခရစ်သက္ကရာဇ် - ၂၀၂၃ခုနှစ်၊ မတ်လ (၁၄)ရက်

ဆက်သွယ်ရန် - ခွန်ဝါး (+၆၆) ၉၂၉၈၄၀၆၅၆၊ ခွန်ဝေထူး (+၉၅) ၉၄၄ ၈၂၃ ၈၀၁၄